## ၆။ ပင်ဖြတ်ပိုး

**Black cutworm/ Cutworm: *Agrotis ipsilon* (Hufnagel, 1766), *Agrotis segetum* (Denis & Schiffermüller, 1775)**

**Lepidoptera: Noctuidae**

### ဖျက်ကောင်ပုံသဏ္ဍာန်များ





လောက်ကောင်များသည် ညအခါ၌ စားသောက်ဖျက်ဆီး၍ နေ့ဖက်တွင် အပင်၏ အောက်ခြေတွင် ဖုံးအုပ်နေပြီး မြေကြီး၏အပေါ်ပိုင်းတွင် ပုံးအောင်းနေတတ်သည်။ နှောင့်ယှက်ခြင်းခံရပါက အင်္ဂလိပ်အက္ခရာ (C) ပုံသဏ္ဍာန်ဖြစ်သွားသည်။ အသက်ပိုကြီးသော လောက်ကောင်များကို ပိုမိုနက်ရှိုင်းသည့် မြေကြီးထဲတွင်တွေ့ရတတ်သည်။

### ဖျက်ဆီးပုံလက္ခဏာများ



လောက်ကောင်များသည် အရွက်များပေါ်တွင် စားသောက်ဖျက်ဆီးပြီး အကောင်ကြီး များသည် အပင်အရင်းမှ ကိုက်ဖြတ်ချသည်။ ပျိုးပင်ပေါက်များတွင် အပင်ခြေရင်း မြေကြီးရင်းမှ ကိုက်ဖြတ် ချသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥ အဆင့် | **– (** ၂–၅ **)** ရက် |
| လောက်ကောင် အဆင့် | **– (**၁၆–၂၂) ရက် |
| ရုပ်ဖုံး အဆင့် | **– (** ၇–၁၀ **)** ရက် |
| အကောင်ကြီး အဆင့် | **– (** ၃–၇ **)** ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁) ပေါင်းမြက်များကို ရှင်းလင်းပါ။

(၂) မိမိစိုက်ခင်းအား အမြဲကင်းထောက်စစ်ဆေးပါ။

(၃)စိုက်ခင်းအားထွန်/ထယ်နက်နက်ထွန်ပါ။

(၄)ပိုးကျရောက်ဖျက်ဆီးခံထားရသောစိုက်ခင်းအားရေလွှမ်းထားပါ။

(၅)လက်ဖြင့်ကောက်ယူဖျက်ဆီးပါ။ (နံနက်စောစောနှင့်ညနေခင်းများတွင်မြေအက် ကွဲ ကြောင်းများအတွင်းတွင်ရှာဖွေပါ)

(၆)အလင်းရောင်ထောင်ချောက်များအသုံးပြု၍အကောင်ကြီးများအားဖမ်းဆီးပါ။

(၇) တမာပိုး သတ်ဆေးကို ရေ(၂၀)လီတာတွင် (၃၀၀) စီစီနှုန်း ဖျော်၍ မှန်မှန်ဖျန်းပေးပါ။

(၈)မြေပြင်ချိန်တွင်မြေကြီးထဲသို့ ဖီပရိုနေး၃ဂျီအာ(Fipronil 3GR)(သို့) ကာဘိုဆာလဖန် ၅ဂျီ (Carbosulfan 5G) ထည့်၍ စိုက်ပျိုးပါ။

(၉)လောက်ကောင်ငယ်များတွေ့ပါက ထိသော၊ စားသေအာနိသင်ရှိ ပိုးသတ်ဆေး တစ်မျိုးမျိုးကို ဆေးအညွှန်းအတိုင်း ပက်ဖျန်းပါ။ ပိုးသတ်ဆေးများကို အသုံးပြုပါက အညွှန်း တွင် ဖော်ပြထားသည့် မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre–harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျခူးဆွတ်ပါ။

- လန်မ်ဒါဆိုင်ဟေလိုသရင် (Lambda-cyhalothrin)
- အဆီဖိတ် (Acephate)
- ကလိုရမ်ထရမ်နီလီပရော(Chlorantraniliprole)